**MYAWADDY BANK LIMITED**

24/7 CALL CENTER – 01 2301421, 09 443115080, 09 401595369

## သတိပြု၍ လိုက်နာရန်အချက်များ

* ကတ်မဲ့ငွေသားထုတ်ယူခြင်း (Cardless Cash Withdrawal) ဝန်ဆောင်မှုအတွက် မြဝတီဘဏ်၏ ATM Terminal, Mobile Banking, Internet Banking တို့တွင် ကတ်စာရင်းပိုင်ရှင်မှ ငွေလွှဲလက်ခံမည့်သူ (မြဝတီဘဏ်တွင် စာရင်းဖွင့်လှစ်ထားခြင်း မရှိသူများအပါအဝင်)၏ ဖုန်းနံပါတ်သို့ 24/7 နာရီ ငွေလွှဲပေးပို့နိုင်ပြီး၊ ငွေလွှဲလက်ခံသူမှ မြဝတီဘဏ်၏ ATM များတွင် ငွေထုတ်ယူနိုင်ပါသည်။
* တစ်ကြိမ်လျှင် အနည်းဆုံး ကျပ် ၅,၀၀၀/ (ကျပ်ငါးထောင် တိတိ)မှ အများဆုံး ကျပ် ၃၀၀,၀၀၀/- (ကျပ်သုံးသိန်း တိတိ) အထိ ထောင်ဂဏန်းအလီလီဖြင့် ငွေလွှဲပေးပို့နိုင်ပြီး၊ အကြိမ် အရေအတွက် အကန့်အသတ်မရှိ တစ်နေ့လျှင် အများဆုံး ကျပ် ၁,၀၀၀,၀၀၀/- (ကျပ် တစ်ဆယ် သိန်း) လွှဲပို့နိုင်ပါသည်။
* ကတ်မဲ့ငွေသားထုတ်ယူခြင်းအတွက် တစ်ကြိမ်လျှင် Service Charges ကျပ်၂၀၀/- (ကျပ်နှစ်ရာ တိတိ) ကောက်ခံပါမည်။
* ငွေလွှဲပေးပို့ခြင်းအောင်မြင်ပါက စာရင်းပိုင်ရှင်၏စာရင်းမှ လွှဲပို့ငွေနှင့် Service Charges ငွေပမာဏတို့အား အလိုအလျောက် တားမည်ဖြစ်ပြီး၊ ငွေလွှဲလက်ခံမည့် ဖုန်းအမှတ်သို့ OTP (One Time Password) ဂဏန်းခြောက်လုံးပေးပို့ပါမည်။ ငွေလွှဲသူမှ လျှို့ဝှက် PIN ဂဏန်းလေးလုံး (Sender's Code) အား ငွေလွှဲလက်ခံသူသို့ အသိပေးအကြောင်းကြားရမည်။
* ငွေလွှဲလက်ခံသူသည် ကတ်မဲ့ငွေသားထုတ်ယူခြင်းအတွက် လွှဲပို့ငွေလက်ခံရရှိပြီး (၂၄)နာရီအတွင်း မြဝတီဘဏ်လီမိတက်၏ ATM များတွင်ငွေသားထုတ်ယူနိုင်ပါသည်။ (၂၄)နာရီ ကျော်ပါက ငွေထုတ်ယူနိုင်မည်မဟုတ်ဘဲ၊ စနစ်မှ တားထားသောငွေများအား အလိုအလျောက်ပြန်လည်စာရင်းသွင်းပေးမည်ဖြစ်သည်။
* ကတ်မဲ့ငွေထုတ်ယူနိုင်ရန် Internet Banking/Mobile Banking မှ ငွေလွှဲပေးပို့ ပြီးစီးခဲ့မှုအား ကတ်ပိုင်ရှင် (Card holder)မှ ပယ်ဖျက်လိုပါက Internet Banking/Mobile Banking တွင် ကတ်ပိုင်ရှင်ကိုယ်တိုင် Cardless Cancellation ပြုလုပ်နိုင်သည်။ ယင်းသို့ပယ်ဖျက်ပြီးပါက ကတ်ပိုင်ရှင်၏ စာရင်းသို့ပြန်လည်ထည့်သွင်းပေးပါမည်။
* ကတ်မဲ့ငွေသားထုတ်ယူနိုင်ရန် ငွေလွှဲပေးပို့ခြင်းအား ကတ်စာရင်းပိုင်ရှင် ကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကတ်ပိုင်ရှင်မဟုတ်ဘဲငွေလွှဲပို့ခြင်း၊ ဖုန်းနံပါတ်မှားယွင်းလွှဲပို့ခြင်းများအတွက် ကတ်ပိုင်ရှင်၏ တာဝန်သာဖြစ်သည်။

* ငွေလွှဲလက်ခံသူ၏ ဖုန်းသို့ OTP (One Time Password) ဂဏန်းခြောက်လုံး မရောက်ရှိခြင်း၊ ငွေလွှဲလက်ခံသူမှ ATM တွင် ငွေသားထုတ်ယူ၍ မရရှိခြင်းကဲ့သို့သော Dispute ကိစ္စရပ်များ ဖြစ်ပေါ်ပါက နီးစပ်ရာ မြဝတီဘဏ်လီမိတက် ဘဏ်ခွဲများသို့လည်းကောင်း၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်) 24/7 Call Center (09 401595369, 09 443115080, 01 2301421)သို့ လည်းကောင်း ချက်ခြင်း ဆက်သွယ် အကြောင်းကြားနိုင်ပါသည်။
* ဘဏ်မှ လိုအပ်သောစစ်ဆေးမှုများပြုလုပ်၍ မှန်ကန်ပါက ကတ်ပိုင်ရှင်သို့အကြောင်းကြားပြီး ကတ်ပိုင်ရှင်၏ Account သို့ ပြန်လည်ထည့်သွင်းပေးပါမည်။ ဘဏ်မှ ငွေပြန်လည်ထည့်သွင်းပေးပြီးနောက် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များသည် ငွေလွှဲပေးပို့သူ၏တာဝန်သာ ဖြစ်သည်။